www.burmeseclassic.com

# နတ်ကနားပွဲ

ကြယ်နီ

"ပါပါတယ်ဘုရား"ဟု ဝင်၍ အဖြေပေးလိုက်၏။

"ကဲ... ဒါဖြင့် အားလုံးနားထောင်ကြပါ။ ဒကာကြီးတို့၊ ဒကာမကြီးတို့ဟာ ကျုပ်တို့ သံဃာတော်တွေရဲ့ ဆွမ်းဒကာ၊ ဒကာမတွေဖြစ်လို့ မကောင်းမြစ်တားပြီး ကောင်းရာကို ညွှန်ပြရမယ့်တာဝန် ကျုပ်တို့မှာရှိတယ်။ ဒါကြောင့် နတ်ကိုးကွယ်ယုံကြည်မှုရဲ့ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ကျမ်းဂန်အကိုးအကားနဲ့ ကျုပ်ပြောပြမယ်။ ပထမဆုံး နတ်ဆိုတဲ့ ဝေါဟာရဟာ ဘယ်ကနေ ဆင်းသက်လာတယ်ဆိုတဲ့ အရင်းအမြစ်ကို ကျုပ်တို့ရှာဖွေရမယ်။ နတ်ဆိုတာ မဂဓဘာသာမှာ နာထသဒ္ဒါကို အစွဲပြုပြီး နတ်ရယ်လို့ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း ကျုပ်တို့ နားလည်ထားရမယ်။ အဲဒီနာထသဒ္ဒါဟာ ကိုးကွယ်ရာအနက်ကို ဟောတယ်။ ကမ္ဘာဦးသူတွေဟာ ကိုးကွယ်ရာကို ရှာဖွေရင်း ကိုယ်စိတ်ကူးတည့်ရာကို မျှော်မှန်းရော်ရမ်းပြီး ကိုးကွယ်လာရာက စပြီးတော့ အဲဒီနာထ၊ ဗမာလိုတော့ နတ်ဆိုတဲ့ ဝေါဟာရပေါ်လာတယ်လို့ ယူဆဖွယ်ရှိတယ်။ တကယ့်ကိုးကွယ်ရာအစစ်က အဲဒီနတ်တွေ ဟုတ်ရဲ့လား။ အဲဒီမေးခွန်းကို ကျုပ်ကိုယ်တိုင် မဖြေဘူး။ ဘုရားဟော ဓမ္မပဒပါဠိတော်ထဲက ထုတ်နုတ်ကိုးကားပြီး ဖြေမယ်။ 'အတ္တာဟိအတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ' တဲ့။ အနက်ကတော့ အတ္တာဟိ အတ္တာဧဝ၊ မိမိကိုယ်မိမိသည်သာလျှင် အတ္တနောနာထော၊ မိမိကိုးကွယ်ရာအစစ်ဖြစ်၏။ ပရော၊ မိမိမှတစ်ပါးသော။ ကော၊ အဘယ်မည်သောသူမျှ။ နာထော၊ ကိုးကွယ်ရာသည်။ သိယာ၊ ဖြစ်ချိမ့်မည်နည်း'တဲ့။ မိမိကိုယ် မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာ အစစ်ဖြစ်တယ်။ မိမိမှတစ်ပါး အဘယ်မည်သောသူ တစ်စုံတစ်ယောက်သည် မိမိ၏ ကိုးကွယ်ရာ ဖြစ်နိုင်ပါမည်လဲတဲ့။ ဒါကြောင့် ခင်ဗျားတို့ရဲ့ ကိုးကွယ်ရာအစစ်ဟာ နတ်တွေမဟုတ်ဘဲ ခင်ဗျားတို့ကိုယ်တိုင်သာ ဖြစ်တယ်ဆိုတာ မြဲမြဲကြီးမှတ်ထားကြပါ"

အားလုံးပင် ခေါင်းငုံ့ တိတ်ဆိတ်လျက်ရှိကြစဉ် စာကြည့်တိုက်မှူးလူငယ်ကဝင်၍ "မှန်တယ်၊ ကိုယ့်ကြမ္မာကို ကိုယ်သာလျှင် ဖန်တီးနိုင်တယ်။ ကိုယ့်ရဲ့ကောင်းကျိုးဆိုးကျိုးကို ကိုယ့်ကိုယ်တိုင်သာလျှင် ပေးစွမ်းနိုင်တယ်။ ဘယ်နတ်၊ ဘယ်သိကြား၊ ဘယ်ကံကြမ္မာကမှ ပေးစွမ်းနိုင်ခြင်းမရှိဘူး" ဟု ဝင်ထောက်လိုက်၏။

"အဲဒီလောက်ကလေးနဲ့ သဘောမပေါက်နိုင်သေးဘူးဆိုရင်လည်း ရှေးပညာရှိ စာဆိုအကျော်အမော်တွေရဲ့ ပျို့ကဗျာများမှ ထုတ်နုတ်ကိုးကားပြီး ကွင်းခနဲ၊ ကွက်ခနဲနေအောင် ရှင်းပြပါဦးမယ်"

ဦးပဍ္ဍင်းသည် ပြတ်သွားသော စကားဆက်ကို ပြန်ကောက်လာရာမှ ဤနေရာသို့အရောက် ခေတ္တရပ်နားလိုက်၍ သူထုတ်နုတ်ကိုးကားရမည့် အချက်အလက်များကို ပြန်လည် သုံးသပ်နေဟန်ဖြင့် အတန်ကြာအောင်ပင် ဆိတ်ငြိမ်စွာ စဉ်းစားနေပြီးနောက်မှ...

"အဲ အခု ကိုးကားပြောဆိုမယ့် ကဗျာကတော့ စာဆိုအရှင် မဟာသီလဝံသ (၈၅၃)ခုနှစ်မှာ စပ်ဆိုတဲ့ သံဝေဂခန်းပျို့ထဲက ထုတ်နုတ်ကိုးကားမယ့် ကဗျာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဓိပ္ပာယ်ရှိပြီး ထိလွန်းမိလွန်းလို့ တဆိတ်ကလေး ကြိုးစားပြီး နားထောင်ကြစမ်းပါ။ အဲဒီသံဝေဂခန်းပျို့ အပိုဒ် ၃၅ မှာ 'ကာလရှည်လျား၊ လူ့ငနွားတို့၊ ကြီးမား ယုတ်မာ၊ နတ်မိစ္ဆာကို၊ ဘိုးလာဘွားဘက်၊ မြေးသားဆက်၍၊ မပျက်ခုတိုင်၊ နတ်ခရိုင်နှင့်၊ ပန်းခိုင်ရေအိုး၊ ဆယ်စုံဖြိုး၍၊ မြတ်နိုးနှစ်သက်၊ အနက်အနီ၊ တစ်လီခေါင်းပေါင်း၊ တင်အုပ်ဆောင်းနှင့်၊ အပေါင်းစုံဝေး၊ အမွှေးအကြိုင်၊ မုန့်ဆိုင်မုန့်ခဲ၊ ကြက်ဝက်လဲ၍၊ ပုံနဲ့ခရာ၊ တီးမှုတ်ကာနှင့်၊ ချမ်းသာဆင်းရဲ၊ ပေးစမြဲဟု၊ စိတ်ထဲထင်မှတ်၊ ငါတို့နတ်ကို၊ မပြတ်ကိုးကွယ်၊ အန္တရာယ်လည်း၊ ကိုယ်ဝယ်လွတ်ကင်း၊ မရှိလျှင်း၏'တဲ့။ ရှင်းပါပေ့ဗျာ။ မိုက်မဲတဲ့ လူ့ငနွားတွေဟာ အကြီးအကျယ် ယုတ်မာလှတဲ့ နတ်မိစ္ဆာတွေကို ဘိုးစဉ်ဘောင်ဆက်ကစ၊ မြေးသားတိုင်အောင် ဆက်ပြီးတော့ နတ်ခရိုင် ဆောက်လုပ်ပန်းခိုင်ရေအိုး ခေါင်းပေါင်းအနီအနက်တွေနဲ့ ပူဇော်ပသရုံမျှမက အပေါင်းအဖော်တွေ စုဝေးပြီး အမွှေးအကြိုင်၊ မုံ့ဆိုင်မုံ့ခဲ ကြက်ဝက်ပါလဲပြီး ပုံနဲ့ခရာတွေကို တီးကာမှုတ်ကာနဲ့ ဒီနတ်တွေဟာ ချမ်းသာဆင်းရဲကို ပေးနိုင်တယ်။ သူတို့ကို မပြတ်ကိုးကွယ်ရင် ဘေးအန္တရာယ်များ ကင်းလွတ်မယ်လို့ စိတ်ထဲမှာ စွဲမှတ်ထားကြတယ်တဲ့။ ဒီအတိုင်းပဲ မဟုတ်လားဗျို့"

အားလုံးကား သည်အတိုင်း မှန်ပါသည်ဟု ဝန်ခံနေကြသည့်အလား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ဆိတ်ငြိမ်နေကြ၏။ သူတို့၏ စိတ်တွင်း၌မူ သူတို့လုပ်ပုံကိုင်ပုံ၊ စွဲမှတ်ထားပုံတွေကို ကွင်းခနဲ ကွက်ခနဲ ဖော်ပြနိုင်စွမ်းရှိသော သူတို့မသိသည့် စာဆိုအသျှင်အား အံ့သြနေမိကြ၏။

"နောက်ပြီးတော့... 'ဆောင်နှင်းမင်္ဂလာ၊ လှူဒါပုညပြုကာလလည်း၊ မိဘရှေ့မှတ်၊ ငါတို့နတ်ကို၊ ပေးအပ် အပ်လျှင်၊ ပွဲလမ်းပြင်၍၊ အရှင်မှတ်မှတ်၊ ကိုယ်ဝယ်ကြပ်လျက်၊ မပြတ်ထင်ရှား၊ မမေ့မှားဟု၊ ဆုများရွယ်ရွယ်၊ ရက်စဖွယ်နှင့်၊ ဘယ်ဝယ်တ,ကာ၊ ကိုယ်တိုင်လာ၍၊ ဥစ္စာထင်ရှား၊ ဘယ်သူ့အားကို၊ နတ်များပို့လာ၊ ရှိဘူးပါအံ့'တဲ့ဗျ။ မင်္ဂလာဆောင်တဲ့အခါ၊ အလှူကောင်းမှုပြုတဲ့အခါများမှာ ဆိုရင်လည်း မိဘရှေ့မှတ်မှာ နတ်ကိုအပ်နှံတဲ့သဘောနဲ့ ပွဲလမ်းပြင်ပြီး အရှင့်ကိုသာ အရှင်မှတ်မှတ်နဲ့ ကိုယ်မှာ ကြပ်မတ်ပြီး မပြတ်သတိရနေပါမယ်လို့ ဆုများတောင်ရွယ်လိုက်သေး... ဘယ်လောက်ရက်ဖို့ ကောင်းပါသလဲတဲ့။ အဲဒီလို ပေးအပ်ပူဇော် ပသတဲ့အတွက် ဘယ်တုန်းကများ နတ်ကိုယ်တိုင်လာရောက်ပြီး ဥစ္စာထင်ရှား ဘယ်သူ့အားကို ပေးဖူးပါသလည်းတဲ့။ ခင်ဗျားတို့ ပဲခူးနတ်အဆက် နံကရိုင်းအနွယ်တွေဟာလည်း ဒီလိုပဲ မင်္ဂလာဆောင်တဲ့အခါမှာ ခင်ဗျားတို့ နတ်ကို ပေးအပ်ကြရတာပဲ မဟုတ်လား။ အဲဒီလို ပေးအပ်ပူဇော် ပသတဲ့အတွက် ခင်ဗျားတို့ကိုကော ခင်ဗျားတို့နတ်က ဥစ္စာထင်ရှား ပေးဖူးပါသလား"

မည်သူမျှမလှုပ်၊ သူတို့၏သဘာဝကို ဤမျှပေါက်ပေါက်ရှာရှာ ရေးနိုင်စွမ်းရှိသည့် စာဆိုအရှင်ကိုသာ သူတို့အံ့သြချီးကျူးနေမိကြ၏။ သူတို့၏ အတွင်းစိတ်မှာတော့ "မှန်လိုက်လေ" ဟု ကျိတ်၍ ဝန်ခံနေကြ၏။

"မိစ္ဆာစွဲမှတ်၊ ဘယ်အရပ်မှာ၊ နတ်တို့နေရာ၊ အိမ်ခန်းဝါနှင့်၊ သာယာခမ်းနား၊ နတ်မယားနှင့်၊ နတ်သားနတ်လင်၊ ကြည့်မမြင်တည့်'တဲ့။ ခင်ဗျားတို့မှားယွင်းစွာ စွဲမှတ်ထားတဲ့ နတ်မယားတွေ၊ နတ်သားနတ်လင်တွေကို ဘယ်အရပ်မှာလဲဆိုတာ သူကြည့်လို့မမြင်ဘူးတဲ့၊ ခင်ဗျားတို့ကော မြင်ကြရဲ့လား"

ဤတွင် မပြားကြီးကဝင်၍ "ဘယ်မြင်ရမလဲဘုရား၊ သူတို့က ကမ္ဘဇ္ဈတန်ခိုးရှင်တွေမို့ တပည့်တော်တို့ သာမန်လူသားတွေ ဘယ်မြင်နိုင်မလဲ" ဟု စောဒကဝင်လိုက်ရာ ဦးပဥ္ဇင်းက အားရပါးရပြုံးလိုက်ပြီးနောက် ရှေ့အပိုဒ်ကို ကောက်ဆက်ပြန်၏။

"ငြိုငြင်စိတ်စွဲ၊ အံသွားခဲ၍၊ ညှင်းဆဲနှိပ်စက်၊ နတ်တို့လက်နှင့်၊ ထုတ်လျက်ဆွဲငင်၊ ပြုကြအင်ကို၊ မမြင်ဘူးပါ'တဲ့။ ဒေါသတကြီး အံသွားကိုခဲပြီး နတ်တို့လက်နဲ့ တွန်းထိုးရိုက်ပုတ် ညှင်းဆဲနှိပ်စက်တာကိုလည်း သူမမြင်ဘူးပါတဲ့။ ခင်ဗျားတို့ကော မြင်ဖူးကြလား"

"ဘယ်မြင်ဖူးမလဲဘုရား... သူတို့က ကိုယ်ထိလက်ရောက် ရိုက်ပုတ်ထုထောင်းပြီး နှိပ်စက်တာမှမဟုတ်ဘဲကိုး နတ်တို့ရဲ့ တန်ခိုးနဲ့ ဖမ်းစားနှိပ်စက်တာမို့ ဘယ်မြင်ရမလဲဘုရား"

မပြားကြီး၏ အကြောင်းပြချက်ကို ဦးပဥ္ဇင်းက ရှေး... နည်းအတူ ပြုံးတော်မူ၍သာလျှင် ရှေ့အပိုဒ်ကို ဆ...နေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"သည်အရာကို၊ မိစ္ဆာမောဟ၊ အယူခွ၍၊ နတ်များသခင်၊ နတ်ဘုရင်ဟု၊ နတ်တွင်အကြီး၊ ငါ့သမီးကို၊ ဖမ်းဆီးတတ်ငြား၊ ငါ့မယားကို၊ ဖမ်းစားတတ်ချေ၊ ချမ်းသာစေဟု၊ ကချေပွဲလမ်း၊ အခမ်းအနား၊ နတ်ထိန်းများနှင့်၊ သောက်စားဟစ်အော်၊ တကြော်ကြော်နှင့်၊ မောင်တော်ရှင်ချစ်၊ နတ်သံပစ်၍၊ မူးယစ်မှိုင်ဝေ၊ အထွေထွေလျှင်၊ လူ့မြေရပ်ရွာ၊ နတ်မိစ္ဆာကို၊ ကယ်သာထင်မှတ်၊ သဘောကပ်၏၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ကံသာအရင်း၊ ပြုဖန်ဆင်းဟု၊ ယူလျှင်းအပ်စွာ၊ ယခုမှာကား၊ ချမ်းသာဆင်းရဲ၊ နတ်ခပဲသည်၊ ပေးမြဲတို့မှာ၊ ထင်မှတ်ရာသည်၊ မိစ္ဆာယူမိ ယူမှားတည်း'တဲ့၊ အကျယ်ရှင်းပြနေဖို့ မလိုအောင် ရှင်းနေတာပါပဲ။ အဲဒီလို နတ်မိစ္ဆာတွေလက်နဲ့ ညှင်းဆဲနှိပ်စက်တာကို မမြင်ဘူးပါဘဲနဲ့ ငါ့သမီးကိုများ ဖမ်းဆီးမလား၊ ငါ့မယားကိုများ ဖမ်းစားလေမလားဆိုတဲ့ မိစ္ဆာမောဟတွေဖုံးလွှမ်းပြီး နတ်တွေသာလျှင် ငါတို့ကို ကယ်နိုင်မယ်ဆိုတဲ့ မိစ္ဆာအယူအရ ကချေပွဲလမ်း အခမ်းအနား၊ နတ်ထိန်းများနဲ့ သောက်စားဟစ်အော် တကြော်ကြော်နဲ့ မောင်တော်ရှင်ချစ် နတ်သံပစ်ပြီး မူးကြရူးကြ၊ ကကြခုန်ကြ ဒီလိုမဟုတ်လား။ ဗုဒ္ဓဘာသာတရားတော်အရ နတ်လူဗြဟ္မာ သတ္တဝါအားလုံးကို ကံသာအရင်းပြု ဖန်ဆင်း၏လို့ ယူဆရမယ့်အစားအခုတော့ ချမ်းသာဆင်းရဲကို နတ်များကသာ ပေးစွမ်းနိုင်မြဲလို့ ထင်မှတ်နေကြတော့ ခင်ဗျားတို့ဟာ ဗုဒ္ဓဘာသာအမည်ခံထားပေမယ့် အပါယ်သွားမယ့် မိစ္ဆာတိတ္ထိတွေ ဖြစ်ကုန်ကြပါပကောလား"

နေရာတကာ၌ လျှာရှည်ရမှ ကျေနပ်လေ့ရှိသော မပြားကြီးပင် ဤအပိုဒ်တွင် စောဒကဝင်စရာမရှိတော့သလို ငြိမ်ချက်သားကောင်းနေ၏။ ကိုဒေါင်းစိန်ကတော့ ဦးပဥ္စင်း ပြောသမျှစကားလုံးများ၊ အချက်အလက်များအားလုံးကို လုံးစေ့ပတ်စေ့ နားလည်ခြင်းမရှိသော်လည်း သူတို့ဘဝနှင့် ဟပ်မိသောအကိုးအကား အထောက်အထား အကြောင်းပြချက်များကြောင့် အားလုံးအမှန်တရားများသာ ဖြစ်မည်ဟု လက်ခံယုံကြည်ထား၏။

"အဲဒီလောက်နဲ့ မလုံလောက်သေးလို့ ထပ်ပြီး အကိုးအကားနဲ့ ရှင်းပြစမ်းပါဆိုလို့ရှိရင်လည်း အဲဒီသံဝေဂပျို့ ခန်းကပဲ အပိုဒ် ၃၆ ကို ထုတ်နုတ်ကိုးကားရွတ်ဆိုပြရသေးတာပေါ့ဗျာ။ 'မိစ္ဆာယူမှား၊ အလားလားနှင့်၊ လေးပါးပါယ်ဝ၊ လူ့ဗာလတို့၊ ကြံဆကောင်းစွာ၊ မာယာလှည့်ဖြား၊ လူ့ငနွားတို့၊ မယားထွေထွေ၊ သံခြေညှင်းညှင်း၊ နားချိုသွင်း၍၊ မောင်မင်းနှင့်ငါ၊ ချစ်ကြပါငြား၊ တို့အကြားတွင်၊ နှစ်ပါးမလို၊ မကြည်ညိုအောင်၊ တို့ကိုဖျက်ဆီး၊ ရှင်နတ်ကြီးအား၊ ခင်းနှီးကော်ဇော၊ အုန်းငှက်ပျောနှင့်၊ မနောလင်ပန်း၊ အခန်းခန်းဖြင့်၊ ပွဲလမ်းကျင်းပ၊ ပူဇော်သလျှင်၊ နှမလည်းချစ်၊ မောင်လည်းချစ်၍၊ ငှပ်နစ်ကျွမ်းလောင်၊ ပေါင်းရအောင်လျှင်၊ လက်ဆောင်စကား၊ ပြောပေငြားသော်၊ ချစ်အားကြီးစွာ၊ ကိလေသာကို၊ မြိန်စွာမက်မော၊ တဏှာဇောလည်း၊ ဖြောဖြောအင်ခြိုက်၊ လူငမိုက်က၊ အကြိုက်နှင့်ကြုံ၊ ကိုယ်လုံးထုံ၍၊ အယုံတရား၊ ရှိပေငြား၍၊ မယားယုတ်မာ၊ နတ်မိစ္ဆာကို၊ မေတ္တာချစ်ခင်၊ ရှိသည့်အင်နှင့်၊ သူ့လင်အိမ်သွေး၊ အထွေးထွေးဖြင့်၊ ပါယ်လေးဝဘောင်၊ လိုက်၍မြှောင်သည်၊ လက်ဆောင်အများ၊ နတ်ကနားကို၊ သစ်ဝါးအသင့်၊ စင်နိမ့်မြင့်နှင့်၊ လိုသင့်လိုရာ၊ ငွေသပြာကို၊ များစွာထုပ်ပိုး၊ ဆယ်စုံဖြိုးမှ၊ တိုး၍ချစ်ပါ၊ ဆုပန်ကာနှင့်၊ ရတနာသုံးဦး၊ မြတ်ကျေးဇူးကို၊ မကူးစိတ်မှာ၊ ရှင်းရှင်းခွာ၍၊ မောဟာကတိ၊ ကိုယ်လုံးငြိလျက်၊ မရှိတရား၊ အမှားမှားနှင့်၊ မီးပွားမီးပူ၊ ရန်သူနှိပ်စက်၊ ခံစားလျက်နှင့်၊ ဖိုလ်မဂ်ရှစ်တန်၊ မဆန်စုန်ဆင်း၊ ခန္ဓာကင်းသည်။ ။ပြည်မင်းပါယ်ဝ ရပ်သာကည်း' တဲ့။ ရှင်းရှင်းကလေးဗျ နော် ရှင်းရှင်းကလေး။ အိမ်ကမယားတွေက သံခြေညှင်းညှင်း နားချိုသွင်းပြီးတော့ မောင်မင်းနဲ့ငါ ချစ်ကြပါတဲ့ တို့အကြားမှာ နှစ်ပါးမလို မကြည်ညိုအောင် တို့ကိုဖျက်ဆီးနေတဲ့ ရှင်နတ်ကြီးအား ခင်းနှီးကော်ဇော အုန်းငှက်ပျော စသည်များနဲ့ မနောလင်ပန်းအခန်းခန်းနဲ့ ပွဲလမ်းကျင်းပ ပူဇော်ပသမှသာလျှင် နှမလည်းချစ်၊ မောင်လည်းချစ်ပြီး စိတ်ချလက်ချ ချစ်ခင်ပေါင်းသင်းရမယ် အစရှိသဖြင့် ပြောလိုက်တာနဲ့ တစ်ပြိုင်နက် လူငမိုက်တွေဟာ ပစ်ယုံလိုက်ပြီး နတ်ကနားကို သစ်ဝါးအသင့် စင်နိမ့်မြင့်နဲ့ ဆောက်လုပ်၊ လိုသင့်လိုရာ ငွေသပြာများကို များစွာထုပ်ပိုးကာ လက်ဆယ်စုံ ထိပ်မှာမိုးပြီး တိုး၍ချစ်ကြပါစေလို့ ဆုများတောင် ပန်လိုက်ကြသေးတယ် မဟုတ်လား။ အဲဒါအပါယ်သွားမယ့် တစ်လမ်းသွားအလုပ်တွေဗျ"

ဦးပဥ္စင်းသည် အတော်ကလေး ဟောပြောလိုက်၍ အာခေါင်ခြောက်သွားဟန်ဖြင့် ကိုဒေါင်းစိန်ထံမှ ရေတစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခွက်တောင်းသောက်ပြီးနောက် သူ့စကားကို ဆက်ပြန်၏။

"အဲဒီနတ်တွေနဲ့ ပတ်သက်ပြီး အရှင်မဟာသီလဝံသနဲ့ တစ်ခေတ်တည်းပေါ်တဲ့ အင်းဝခေတ်စာဆို အရှင်မဟာရဋ္ဌသာရရဲ့ အာဘော်ကို သိချင်သေးသပဆိုရင်လည်း ၈၅၆ ခုနှစ်မှာ ရေးစပ်တဲ့ ဘူရိဒတ်ဇာတ်ပေါင်းပျို့ထဲက ကောက်နုတ်ပြီး ရွတ်ဆိုပြရသေးတာပေါ့။ အဲဒီဇာတ်ပေါင်းပျို့ 'လူတို့လုံ့လ' အစချီတဲ့ အပိုဒ်မှာ 'တချို့သသူ၊ အမိုက်လူကား၊ အယူမှားချွတ်၊ မီးကိုနတ်ဟု၊ အမှတ်တရ၊ ရိုညွတ်ခ၏'တဲ့။ တချို့လူမိုက်တွေကတော့ အယူလွဲမှားပြီး မီးကို နတ်ရယ်လို့ အမှတ်တရ ရိုသေကိုင်းညွတ် ခယပူဇော်ကြတယ်တဲ့။ 'တောစ တောင်ခြေ၊ နေသည်တစ်စု၊ မိလက္ခုကား၊ အမ္ဗု,အာပေါ၊ ပယော်,တောယ၊ ကံ,ဒကနှင့်၊ ဝါလ,ဝါရိ၊ အစရှိသား၊ အဘိဓါန၊ နာမအများ၊ ဝေါဟာပြားသည်၊ ရေအားဒေဝ၊ မှတ်ကုန်ကြ၏'တဲ့။ တောစတောင်ခြေမှာနေတဲ့ မိလက္ခု(မိလက္ခုဆိုတာ တောင်သူပေါ့ဗျာ)အဲဒီတောင်သူတစ်စုကတော့ အမ္ဗုတဲ့ အာပေါတဲ့ ပယောတဲ့ တောယတဲ့၊ ကံတဲ့၊ ဒကတဲ့၊ ဝါလတဲ့၊ ဝါရိတဲ့ အစရှိတဲ့ အဘိဓာန်ထဲက ရေဟောပရိယာယ် ၁၅ ပုဒ်ထဲက ရေကိုပဲ နတ်ရယ်လို့ မှတ်ယူထားကြတယ်တဲ့။ 'ထိုမှတစ်ပါး၊ နတ်ဝင်များမူ၊ ထင်ရှားသသူ၊ သေသောဟူက၊ အယူမလွဲ၊ နတ်ဖြစ်မြဲဟု၊ ဝမ်းထဲပြတ်ပြတ်၊ မှတ်သိရကား၊ ဘူးကရားနှင့်၊ မှန်းထားမြည်ရည်၊ နတ်အိမ်တည်၍၊ အကြည်အညို၊ နတ်ကိုချည်းသာ၊ လုံးပန်းရှာ၏'တဲ့။ အဲ... နတ်ဝင်တွေကတော့ ထင်ရှားတဲ့လူတွေသေရင် အယူမလွဲ နတ်သာလျှင် ဖြစ်မြဲလို့ တရားသေ စွဲမှတ်ထားကြတဲ့အတွက် နတ်အိမ်တည်ပြီး အကြည်အညို နတ်ကိုချည်းသာ လုံးပန်းကြရှာငယ်တဲ့။ 'ရတနာသုံးပါး၊ အမြတ်အားမူ၊ များများမယုံ၊ အာရုံနှောင့်နှေး၊ နှစ်ခွတွေးလျက်၊ နာရေးဖျားတာ၊ ရောက်သောခါလည်း၊ ကြမ္မာဘုံဟောင်း၊ အိမ်မကောင်းကို၊ မြဲကြောင်းပင့်ကူ၊ ထောက်တိုဟူသား၊ အလှူသီတင်း၊ ဆည်းပူးခြင်းကို၊ စင်းစင်းမပြု၊ နတ်မှုစုန်းရွယ်၊ အကယ်ကယ်သို့၊ ရယ်ဖွယ်အိုးကြီး၊ မရှက်သီးဘဲ၊ ကနားပွဲနှင့်၊ ဝတ်လဲဖြူနီ၊ ပန်းသီးပန်းနှစ်၊ ဆင်ကရစ်လျက်၊ လက်နှစ်လက်ဝန်း၊ တဖျင်သန်းတည့်၊ သွမ်းမှန်းမသိ၊ မျက်စိသံလည်၊ နတ်ရှုးသည်ဟု၊ မတည်မတံ့၊ လွင့်ပျံ့နလုံး၊ သူမိုက်ထုံးလည်း၊ စွဲသုံးလေ့လာ၊ မကျင့်ရာသည်။ မိစ္ဆာယောင်တိယောင်ယမ်းတည်း'တဲ့။ ရတနာသုံးပါးကိုတော့ များများမယုံ၊ ချော်တွေး ငေါ့တွေး နှစ်ခွတွေးပြီး နာရေးဖျားတာရောက်တဲ့အခါမှာ ဆိုရင်လည်း ကုသိုလ်ကံအကျိုးကိုဆက်ပေးတဲ့ သဘောနဲ့ အလှူဆည်းပူးခြင်းကိုတော့ စင်းစင်းမပြု၊ နတ်လိုလို စုန်းလိုလိုနဲ့ ရူးမိုက်တဲ့ အလေ့အလာအပြုအမူတွေကို မကျင့်ရာဘူးတဲ့။ ဒါတွေဟာ ယောင်ကန်းကန်းမိစ္ဆာ အလုပ်တွေပါပဲတဲ့။ အဲဒီစာဆိုအရှင်နှစ်းပါးရဲ့ ပျို့ကဗျာ ၃ ပိုဒ်နဲ့ပဲ နတ်ကိုးကွယ်ယုံကြည်မှုဟာ အပါယ်သွားမယ့် မိစ္ဆာအယူဖြစ်ကြောင်း ထင်ရှားပြီးဖြစ်လို့ ကျုပ်က ထပ်မံပြီး ပြောပြဖို့လိုပါသေးသလား"

ဦးပဋ္ဌင်းကား သူပြဆိုခဲ့သော အကိုးအကား အထောက်အထားများမှာ နတ်ကိုးကွယ် ယုံကြည်မှု၏ အကောင်းအဆိုးကို ပြတ်ပြတ်သားသား ဝေဖန်ပိုင်းခြားနိုင်လောက်သည်အထိ ပြည့်စုံလုံလောက်ခြင်း ရှိပြီဟု ယူဆကာ သူ့တရားကို နိဂုံးချုပ်လိုက်လေပြီ။ ဤတွင် စာကြည့်တိုက်မှူး လူရွယ်က တစခန်းထပြန်၏။

"ဒီနတ်စုတ်နတ်ပွဲ၊ နတ်ဘိန်းစား၊ နတ်အရက်သမားတွေကို ကိုးကွယ်ယုံကြည်မှုနဲ့ပတ်သက်ပြီး တ့လောကခနေဖြူအသွား မယ်ဘာလ ညောင်ပင်မှာ ခင်ဗျားတို့ မယ်ဘာလကို ပ,သစဉ်အချိန်က ကျုပ်ရဲ့သဘောထားကို ပြောကြားပြီးဖြစ်လို့ အခုဘာမှ ထပ်ပြောစရာမရှိပါဘူး။ တစ်ခုပဲ ပြောချင်တာက ခင်ဗျားတို့ အဲဒီနတ်တို့၊ ဇာဒင်တို့၊ အင်းအိုင်မန္တရားစတဲ့ ပဒေသရာဇ် အတွေးအခေါ် အစွဲအလမ်းတွေကို မဖျောက်နိုင်သေးသရွေ့ ကာလပတ်လုံး ခင်ဗျားတို့မွဲသထက်မွဲ၊ ငတ်သထက်ငတ်၊ ဒုက္ခရောက်သထက်ရောက်ရဦးမယ် ဆိုတာကတော့ သေချာပါတယ်။ ဒါပေမဲ့ဘယ်လိုပဲ အကိုးအကား အထောက်အထားတွေနဲ့ အကြောင်းပြပြီး ဟောပြောပေမဲ့ ခင်ဗျားတို့ နှလုံးသားထဲမှာ ချိုးကပ်အောင် စွဲမြဲနေတဲ့ အစွဲအလမ်းတွေကို ဒီအကြောင်းယုတ္တိက မောင်းထုတ်ဖယ်ရှားပစ်ခြင်း မပြုနိုင်ဘူး ဆိုတာလည်း ကျုပ်သိပါတယ်။ အဲဒီအတွက် ခင်ဗျားတို့ကိုလည်း အပြစ်မတင်ချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိပညာရေးစနစ်ဟာ ခင်ဗျားတို့ ပဒေသရာဇ်အတွေးအခေါ် အစွဲအလမ်းတွေကို ပပျောက်ကုန်အောင် အတွေးအခေါ်သစ်၊ ပညာသစ်ကိုမပေးဘဲ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ ပဒေသရာဇ် အတွေးအခေါ် အစွဲအလမ်းတွေထဲမှာပဲ နှစ်

www.burmeseclassic.com

www.burmeseclassic.com



မြုပ်နေအောင် သင်ကြားပေးခြင်းကို ခံယူနေရလို့ပဲ ဆိုတာ ကျုပ်သိထားလို့ပဲ။ ဥပမာ ခင်ဗျားတို့ကို ဖတ်ခွင့်ပြုထားတဲ့ စာအုပ်တွေဟာ ဘာစာအုပ်တွေလဲ၊ အုပ်စိုးတဲ့ မင်းကို သစ္စာ စောင့်သိဖို့၊ ခေတ်ဘယ်လိုပဲပြောင်းပြောင်း ရှေးထုံးစဉ်လာ ကို မပယ်ဖို့၊ ခပ်ရှင်းရှင်းပြောရရင် ကျိုးကျိုးနွံနွံ ပီသအောင် ဆုံးမသြဝါဒ ပေးထားတဲ့ နီတိကျမ်းတွေ၊ ယောကျ်ား ကောင်းမောင်းမတစ်ထောင်ဆိုတဲ့ စကားမျိုးနဲ့ မြေကျွန်၊ ယာကျွန်တို့၏ ချွေးနဲ့စာဖြင့် မယားငယ်အများအပြား ယူ ထားတဲ့ ပဒေသရာဇ် မြေရှင်ကြီးတွေကို ထောက်ခံထားတဲ့ စာအုပ်တွေ၊ အဲဒီစာအုပ်တွေသာ ခင်ဗျားတို့ ဖတ်နေရတယ် မဟုတ်လား။ ခင်ဗျားတို့ ကြည့်နေရတဲ့ ဇာတ်တွေကကော ဘာအကြောင်းအရာကို ဇာတ်ကွက်ဆင်ပြီး ကပြတဲ့ ဇာတ်တွေလဲ။ ပဒေသရာဇ် ရှင်ဘုရင်ရဲ့ ကြီးကျယ်ခမ်း နားပုံတွေ၊ နတ်တွေ၊ သိကြားတွေ၊ နဂါးတွေ မြေလျှိုးပြီး မိုးပျံပုံတွေ၊ ဒါတွေကိုသာ ခင်ဗျားတို့ ကြည့်နေရတယ် မဟုတ်လား။ ဒီတော့ အဲဒီပဒေသရာဇ် ယဉ်ကျေးမှု အစဉ် အလာ အစွဲအလမ်းတွေဟာ ပဒေသရာဇ် စီးပွားရေးစနစ် ရဲ့ ဖိနှိပ်ခြယ်လှယ်မှုအောက်မှာ ဆင်းရဲတွင်း နက်နေရတဲ့ ခင်ဗျားတို့ကို တကယ့်အကြောင်းရင်းအမှန်ကို မမြင်စေဘဲ မိရိုးဖလာနတ်တွေ၊ ဘာနတ်တွေ ညာနတ်တွေဆီမှာသာ ဆည်းကပ်ကိုးကွယ်ရာကို ရှာစေပြီး လမ်းလွဲကိုပြထားတဲ့ အတွက် ခင်ဗျားတို့လည်း အဲဒီနတ်တွေကိုသာ အယူ သီးနေရတာပဲ။ ဒါပေမဲ့ ခေတ်ရဲ့တိုးတက်မှုကို ဘယ်သူ မှ မပိတ်ပင်နိုင်ပါဘူး။ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုကြောင့် ခင်ဗျားတို့ကိုယ်တိုင် အလိုလိုနိုးကြားလာမှာပါပဲ။ ပြည်သူ့ ခေတ်မှာ ပြည်သူ့ပညာရေးစနစ်သစ်ဟာ ခင်ဗျားတို့ဆီ အရောက်လာပြီး ခင်ဗျားတို့ရဲ့ နှလုံးသည်းပွက်ထဲမှာ ချိုး ကပ်နေအောင် စွဲမြဲနေတဲ့ အစဉ်အလာ အစွဲအလမ်းဟောင်း တွေကို အပြီးတိုင် မောင်းထုတ်ပစ်မယ့် နေ့ကတော့ တစ်နေ့ မှာ မုချဆိုက်ရောက်လာပါလိမ့်မယ်။ အခုနေမှာတော့ ကျွန် တော်တို့က လူတတ်ကြီးလုပ်ပြီး ဟောပြောနေပေမယ့် ကျွဲ ပါးစောင်းတီး အချည်းနှီးပဲ နေမှာပဲ"

လှငယ်ကား ကိုဒေါင်းစိန်တို့၏ နတ်အယူသီးမှုကို ယခုအချိန်၌ တိုက်ဖျက်၍ရမည်မဟုတ်ဟု သိမြင်ယုံ ကြည်သဖြင့် လုံးဝလက်လျှော့လိုက်ပေပြီ။ မှန်လည်းမှန်လှ ပေသည်။ သူတို့၏ နားလည်ရန် ခက်သောအကြောင်း ယုတ္တိများမှာ ပညာအခြေခံဟူ၍ လောက်လောက်လား လား မရှိရှာသော ကိုဒေါင်းစိန်တို့၏ နှလုံးသည်းပွက်ထဲ အရောက် စူးဝင်သွားခြင်းမရှိဘဲ နားထဲမှသာ လျှံထွက် သွားကြပါသည်။ သူတို့အား အတွေးအခေါ်သစ်၊ ပညာ သစ်များကို ပေးချင်လျှင် သူတို့၌ ပညာအခြေခံရှိသည့် အချိန်သို့တိုင် စောင့်ဆိုင်းရပေမည်။ နောက်ဆုံးတွင် ဦးပဍ္ဍင်းလည်း ဤအချက်ကို ရိပ်မိသဘောပေါက်လာဟန် ဖြင့် လုံးဝလက်လျှော့လိုက်ကာ လှငယ်နှင့်အတူ ပြန်ကြ သွားတော့၏။

ကိုဒေါင်းစိန်တို့ချည်း ကျန်ရစ်သောအခါ မပြားကြီး က "မိရိုးဖလာ နတ်ကိုးကွယ်မှုကို ဘုရားတောင်မှ တား မြစ်ခြင်း မပြုဘူးလို့ ငါတော့ ကြားဖူးတာပဲ" ဟု ပြော လိုက်ရာ အားလုံးက "ဟုတ်တယ်" ဟု ဝိုင်းဝန်းထောက်ခံ လိုက်ကြ၏။ နောက်တွင် သူတို့သည် နတ်ကရန် အစီအ စဉ်များကို ဆက်လက်ဆွေးနွေး တိုင်ပင်နေကြတော့သည်။

နတ်ကနားအတွင်းမှ နတ်ဆိုင်းသံ တည်ညံကို ကြားကြရပေပြီ။

နတ်ဝင်ဖူးသော နတ်ဝင်သည်များနှင့် နတ်ကို စွဲစွဲ လမ်းလမ်း ယုံကြည်နေသူများကား မရိုးမရွနှင့် ကချင်၊ ကွေးချင်၊ ခုန်ချင်၊ ပေါက်ချင်လာအောင် နတ်ဆိုင်းသံသည် ညှို့နေပေပြီ။ ဂီတသည် လူတို့၏ စိတ်အာရုံကို ညွတ်နူး လာအောင် ဆွဲဆောင်နိုင်သည်ဖြစ်ရာ ယခုနတ်ဆိုင်းမှာ လည်း နတ်ဝင်သည်များနှင့် နတ်ယုံကြည်သူများ၏ စိတ် အာရုံကို ညွတ်နူးပြီး ယိမ်းယိုင်လာအောင် သွေးဆောင် နေပေပြီ။

နတ်ကနားပတ်လည်ရှိ စင်မြင့်ပေါ်တွင်ကား ၃၇ မင်းနတ်ကို ရည်စူး၍ ကန်တော့ပွဲ ၃၇ ပွဲကို ပြင်ဆင်ထား သည်။ စင်ပေါ်တွင် ၃၇ မင်းနှင့် နတ်ရုပ် အစုံအစေ့ မရှိ သော်လည်း ခမ်းထမ်းထားသော မင်းညီနောင် နတ်ရုပ်နှင့် အချို့နတ်ရုပ် ၄–၅ ရုပ်ကို တွေ့မြင်ရသည်။ ခေါင်းပေါင်း အနီအနက် အဝတ်တန်ဆာ အမွေးအကြိုင်စသော အသိုင်း အဝိုင်း အဆောင်အယောင်များကိုလည်း နတ်စင်ပေါ်တွင် တွေ့မြင်နိုင်သည်။ ဤပတ်ဝန်းကျင် အသိုင်းအဝိုင်း အဆောင်အယောင်များကလည်း နတ်ဝင်သည်များနှင့် နတ်ကိုးကွယ်ယုံကြည်သူများ၏ စိတ်အာရုံကို နတ်ဘက် သို့ ညွတ်နူးလာအောင် ဖြားယောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ကနား၏ အလယ်တည့်တည့်တွင် စည်ပိုင်းကြီးတစ်လုံး တည်ထား၍ ဤစည်ပိုင်းကြီးအတွင်း၌မူ နတ်ကမည့် ပဲခူးမောင်နှံ ၇ စုံအတွက် ငါးရံ့ကြီး ၇ ကောင်ကို ကျွဲ ၇ ကောင်အမှတ်ဖြင့် ရေများနှင့် လှောင်ထားသည်။

ကိုဒေါင်းစိန်နှင့် မယ်စိန်အပါအဝင် ပဲခူးမောင်နှံ ၇ စုံကား အဝတ်သစ် အစားသစ်နှင့် နတ်ကနားအတွင်းသို့ ရောက်နေကြပေပြီ။ ဦးပဠင်းနှင့် လူငယ်၏ ဟောပြောမှုကြောင့် နတ်ယုံကြည်မှုမှာ လုံးဝပျောက်ကွယ်မသွားသော်လည်း သူတို့၏ စိတ်ထဲ၌မူ နတ်အပေါ် အနည်းငယ် သံသယကလေး ရှိလာ၏။ သို့သော် ယခုလို နတ်ဆိုင်း၊ နတ်ရုပ်၊ ကန်တော့ပွဲစသော အသိုင်းအဝိုင်း အဆောင်အယောင်များ ပြည့်နှက်နေသည့် နတ်ကနားအတွင်း နတ်စက်ကွင်းသို့ ဝင်မိသည့်အခါ၌ကား ထိုသံသယကလေးပင် လုံးဝပျောက်ကွယ်သွားပြီး နတ်ကိုယုံကြည်မှုမှာ ရာခိုင်နှုန်း အပြည့်ပြန်ဖြစ်သွားတော့သည်။

ကလေးသူငယ်များကား နတ်ကနားအပြင်မှ နေ၍ ကန်တော့ပွဲအတွင်းရှိ ငှက်ပျောသီး၊ အုန်းသီးများကို မျက်စောင်းထိုးနေကြလေပြီ။ နတ်ပွဲတိုင်း၌ပါလေ့ရှိသော ဒေါ်ကလီစာ၊ ဒေါ်အေးစိန်၊ ဒေါ်မယ်ဟန်တို့ နတ်ဝင်သည်တစ်စုလည်း နတ်ကနားအတွင်းသို့ ရောက်နေကြလေပြီ။ သင်္ကြန်စာများတွင် ဝါးတို့၏ အဓိပတိကား ဘာ၊ သစ်ပင်တို့၏ အဓိပတိကား ဘယ်သင်း၊ အခြေလေးချောင်းတို့၏ အဓိပတိကား ဘယ်ဟာစသဖြင့် ပါတတ်သော သင်္ကြန်စာလေသံအတိုင်း သုံးနှုန်းရလျှင် ဤရွာတွင် နတ်ဝင်သည်တို့၏ အဓိပတိကား ဒေါ်ကလီစာ၊ သူမပါလျှင် နတ်ပွဲမှာ မစည်ကား။

နတ်ထိန်းလုပ်သူမှာ အသက် ငါးဆယ်ကျော်ခြောက်ဆယ်နီးပါးရှိ ယောကျ်ားကြီးတစ်ဦးဖြစ်၏။ သူ့ခေါင်းတွင်ကားသျှောင်ထုံးနှင့်ဖြစ်၍ ဆံပင်များမှာ ငွေရောင်ပြေးနေလေပြီ။ ဤငွေရောင်တောက်နေသော သျှောင်ထုံးကို ဂဝတ်လည်လှည့်၍ ပဝါနီနှင့် ခေါင်းပေါင်းထားသည်။ ရှပ်အင်္ကျီအဖြူလက်ရှည်၊ ကော်လံမပါ၊ ခေါက်လက်မဟုတ်သော လက်ရိုးနှင့် ခပ်နွမ်းနွမ်း ရခိုင်လုံချည်အနီကွက်တုံးကြီးကို ဝတ်ထားသည်။ မယ်စိန်တို့ ပဲခူးမောင်နှံ ၇ စုံက နတ်ပွဲအစမှ အဆုံးအထိ ကြီးကြပ်စီမံပေးရန် ငွေပေး၍ ငှားထားသော နတ်ထိန်းဖြစ်သည်။

ကိုဒေါင်းစိန်ကား ဤနတ်ထိန်းကြီးနှင့် စင်ပေါ်မှ နတ်ရုပ်များ၊ ကန်တော့ပွဲများကိုကြည့်၍ နတ်ဆိုင်းသံကို နားထောင်နေရင်း သူ့စိတ်တွင်း၌ တုန်လှုပ်ချောက်ချားကာ ကြောက်အားပဲ ပိုလာသလိုလို၊ တုန်ရီလှိုက်လှဲ ဝမ်းပန်းတနည်းပဲ ဖြစ်လာသလိုလို၊ ရိုးရိုးရွရွနှင့် ခပ်ကြမ်းကြမ်းခုန်ပေါက်ပြီး ထကလိုက်ချင်သလိုလိုနှင့် အကောင်အထည် ရှာမရသော ဝေဒနာအမျိုးမျိုးကို သူ့ရင်တွင်း၌ ခံစားနေရသည်။

အတန်ကြာသောအခါ နတ်ထိန်းကြီးက ယခု ပဲခူးနတ်ခေါ် နံကရိုင်းမယ်တော်ကြီးကို သွင်းတော့မည်ဖြစ်၍ ကာယကံရှင်များဖြစ်သည့် ပဲခူးမောင်နှံ ၇ စုံမှ မိန်းကလေး ၇ ဦးအနက် တစ်ဦးဦးကို သွင်းလိုကြောင်း၊ သို့မှသာ အချို့နတ်မယုံကြည်သူများလည်း ယုံလာမည်ဖြစ်ကြောင်းနှင့် ပြောပြကာ ကာယကံရှင် မိန်းကလေးများထဲမှ တစ်ဦးဦး လာရောက်ရန် ခေါ်လေ၏။

သို့သော် ကာယကံရှင် မိန်းမ ၇ ဦးစလုံးပင် နတ်ဝင်ဖူးသော မိန်းမများမဟုတ်သဖြင့် ရှက်ကြောက်နေကြသောကြောင့် မည်သူမျှ ထမလာပေ။ ထိုအခါ ဒေါ်ကလီစာ၊ ဒေါ်အေးစိန်တို့လို နတ်ဝင်သည်အဓိပတိကြီးများက ရှက်စရာမရှိသည်ကိုမှ ကြံဖန်ပြီးရှက်နေရသလားဟုဆိုကာ ကာယကံရှင်မိန်းမ ၇ ဦးအနက် မိန်းမရွယ်တစ်ဦးကို ချွေးသေကောင် လင်းတဆွဲသလို အတင်းဆွဲထုတ်လာ၏။ ထိုမိန်းကလေးကား ပတ္တမြားရွှေကြုပ် နှုတ်ငုံတော်အရင့်အမာနှင့်ဖြစ်၍ သူမ၏ ဂဗ္ဗသေယျပုနာရေတိအတွက် ဘေးပရိသတ်ကို ရှက်ရွံ့နေဟန်ဖြင့် မျက်နှာကလေး နီမြန်းနေရှာသည်။

သူမ၏ ခေါင်းပေါ်သို့ ကန်တော့ပွဲတစ်ပွဲကို အတင်းတင်ပေးလိုက်ပြီးသည်နှင့်တစ်ပြိုင်နက် ဆိုင်းဆရာများကလည်း ဆိုင်းချက်မြိုင်မြိုင်ဖြင့် နတ်ဆိုင်းကို တီးမှုတ်ကြတော့၏။ ဒေါ်ကလီစာနှင့် နတ်ထိန်းဆရာကြီးများက စိတ်ကိုတင်းမထားဘဲ လျှော့ထားပြီး နတ်ကိုသာ အာရုံပြုနေရန် ပြောကြားပြီးနောက် မိန်းကလေး၏ကိုယ်ကို ဆိုင်းချက်အတိုင်း ဘယ်ညာယိမ်းနွဲ့နေအောင် ဆွဲငင်တွန်းထိုးနေ၏။ အမွှေးရေများဖြင့်လည်း မိန်းကလေး၏ ကိုယ်ပေါ်သို့ ပက်ဖျန်းပေးနေ၏။ ဒါပေမဲ့လည်း အချည်းနှီးပါပဲဟာလား ဒေါ်ကလီစာရယ်။

တစ်ယောက်လဲလိုက်ပြန်၏။ မဝင်။ နောက်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကိုအစားထိုးပြန်၏။ အလဟဿ။ နောက်တစ်ယောက်နှင့် ဖလှယ်ပြန်၏။ အချည်းနှီး။ လာလေဟဲ့ နောက်တစ်ယောက်၊ နကမွတိ။ ကျန်သည့်နှစ်ဦးမှာလည်း ထိုနည်းလည်းကောင်း၊ ဩော်... ၇ ဦးပဲ စေ့သွားပေါ့။ ဘောက်မဲ့ကြောင့်များ မဝင်ရတာလဲ နံကရိုင်းမယ်တော်ရယ်။

ကိုဒေါင်းစိန်က မိန်းကလေး ၇ ဦး အလဲအလှယ် သွင်းသည့်တိုင် မဝင်ဘဲရှိနေသော နံကရိုင်းမယ်တော်သည် သူတို့နတ်ပွဲအတွက် စီမံပုံ အမှားအယွင်းများ ရှိနေလို့ စိတ်ဆိုးနေသည့်အတွက် မဝင်တာများလားဟု တွေးတောစိုးရိမ်နေမိ၏။ သို့သော် အလို ဒါက ဘာလဲ။

ဆိုင်းဆရာများက ဆိုင်းချက်ကို ခပ်ကြမ်းကြမ်း တီးလိုက်၍ ဒေါ်ကလီစာမှာ နတ်ကနားအတွင်း ကန်တော့ပွဲများ ပြင်ထားသော နတ်စင်ရှေ့တွင် ခပ်ကြမ်းကြမ်းခုန်ပေါက်၍ ကနေလိုက်ပါပြီကော။ ဩော်... သူတစ်ပါးကို သွင်းမရလို့ ကိုယ်တိုင်ပဲ ဝင်ရော့ထင့်။

အားရအောင် ခုန်ပေါက်ပြီးသောအခါ နတ်ထိန်းဆရာကြီးနှင့် ဒေါ်အေးစိန်၊ ဒေါ်မယ်ဟန်တို့က နံကရိုင်းမယ်တော် ဝင်နေသည်ဟု ကျမ်းကိုင်ပြီးပြောနိုင်သော ဒေါ်ကလီစာအား အသင့်ချထားသော ကုလားထိုင်ဆီသို့ တွဲခေါ်လာပြီး ထိုင်စေ၏။ နောက် ပဲခူးမောင်နံ ၇ စုံက နံကရိုင်းမယ်တော်ကြီးခေါ် ဒေါ်ကလီစာအား ဝိုင်းဖွဲ့ကာ ရိုသေစွာ လက်စုံမိုး၍ ရှိခိုးကန်တော့ကြတော့၏။

ပထမ မိန်းကလေး ၇ ဦး သွင်းစဉ်က မဝင်ဘဲ ဘာကြောင့် ယခုမှဝင်သလဲဟု နတ်ထိန်းဆရာကြီးနှင့် ဒေါ်အေးစိန်တို့က မေး၏။ ကိုဒေါင်းစိန်သည် နံကရိုင်းမယ်တော်၏ အဖြေကိုကြားချင်ဇောနှင့် နားကိုတအား စွင့်ထား၏။ သို့သော် နံကရိုင်းမယ်တော်ကြီးဒေါ်ကလီစာမှာ အားရပါးရ ကလိုက်ခုန်လိုက်ရသောကြောင့် အတော်ပင် မောဟိုက်နေသဖြင့် ချက်ခြင်းပြန်မဖြေနိုင်ဘဲ အတန်ကြာမှ လေသံသဲ့သဲ့နှင့် ယဲ့ယဲ့ကလေး ဖြေဆိုနိုင်ရှာ၏။ ကိုဒေါင်းစိန်မှာ ကြားချင်ဇောနှင့် နားအစွင့်လွန်သွားသောကြောင့် နံကရိုင်းမယ်တော်၏ဖြေသံသည် သူ့အာရုံအတွင်းသို့ ရောက်မလာဘဲ နားထဲမှ လျှံထွက်သွား၏။ စိတ်တည်ငြိမ်မှ နံကရိုင်းမယ်တော်၏ အဖြကို သူ့အာရုံဖြင့် လိုက်ဖမ်းရာ ရေးရေးကလေးမှတစ်ဆင့် ကွင်းကွင်းကွက်ကွက် ပေါ်လာသည်အထိ ဖမ်းမိတော့၏။ ဩ... ခရီးဝေးရောက်နေလို့ ကြာနေပါသတဲ့။

အတော်ကလေး အမောပြေသွားသောအခါ နံကရိုင်းမယ်တော်ကြီးသည် ကိုဒေါင်းစိန်တို့ ဇနီးမောင်နှံအား ဖိကြိမ်းတော့၏။ "ငါ့အကြောင်းကို သိပလားဟဲ့။ နင်တို့နှစ်ယောက်ဟာ မင်္ဂလာဆောင်ပြီးလို့ ကလေးလေးယောက်ရတဲ့တိုင်အောင် ငါ့ကို သတိမရဘူးမဟုတ်လား။ အခု နင်တို့ကလေးနှစ်ယောက်ကို ငါဖမ်းစားသတ်ဖြတ်လိုက်မှ ငါ့ကို သတိရတယ်မဟုတ်လားဟဲ့"စသည်ဖြင့် ကြိမ်းမောင်းနေရာ နတ်ထိန်းဆရာကြီးနှင့် ဒေါ်အေးစိန်တို့က သတိမရလို့မဟုတ်ပါ၊ ဆင်းရဲသည့်အတွက် ယခုမှ နတ်ကရခြင်းဖြစ်ကြောင်း ဝိုင်းဝန်းတောင်းပန်ကြမှ ငြိမ်သွားတော့၏။

ပြီးနောက်ကား နံကရိုင်းမယ်တော်ကြီးခေါ် ဒေါ်ကလီစာအား စည်ပိုင်းထဲတွင် ရေများနှင့်လှောင်ထားသော ငါးရံ့များကို ခေါ်ပြပြီးနောက် "ပဲခူးမောင်နံ ၇ စုံအတွက် ကျွဲ ၇ ကောင်ဖြစ်ပါတယ်။ ကျေနပ်ရဲ့လား" ဟု နတ်ထိန်းဆရာကြီးက မေး၏။ နံကရိုင်းမယ်တော်၏ ဖြေသံကို ကိုဒေါင်းစိန်သည် ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေ၏။ အကယ်၍ နံကရိုင်းမယ်တော်က မကျေနပ်ဟုဆိုလျှင် ယခုလုပ်ပြီးသား အစီအစဉ်ကိုဖျက်၍ နောက်ထပ် ပြန်ကရမည်ဖြစ်ရာ စရိတ်ပိုကုန်ရပေဦးမည်။ သို့သော် တော်ပါသေး၏။ နံကရိုင်းမယ်တော်က ကျေနပ်ပါသည်ဟု ခေါင်းညိတ်အဖြေပေးလိုက်သဖြင့် တစ်ပူအေးသွားရ၏။ ဤသည်နောက်၌ကား ၃၇ မင်းကို အစဉ်လိုက်သွင်း၍ ကကြ၊ ခုန်ကြ၊ သောက်ကြ၊ စားကြနှင့် ဆူလို့ညံနေတော့သည်။ အထူးသဖြင့် ပွဲအကျဆုံးကား မင်းညီနောင်နှင့် ဘိုးမင်းကျော်ဖြစ်သည်။ ယဇ်ထုပ်နတ်တွေဖြစ်၍ လက်တစ်ဖက်ကား အရက်ပုလင်း၊ လက်တစ်ဖက်ကား ကြက်ပေါင်ကြော်ကို ကိုင်ကာ ဟန်ရေးတပြပြလုပ်နေကြ၏။ ထိုအချိန်တွင် မိန်းမတစ်ယောက်သည် နတ်ဝင်ပူးသလို ယိမ်းထိုးကာဝင်လာပြီးနောက် ခုန်ပေါက်၍ ကပြန်၏။ ဆိုင်းဆရာများမှာ ဘာနတ်မှန်းမသိ၍ တီးကွက်မပြောင်းဘဲရှိရာ "ဟော့... မင်းညီနောင်မယ်တော် မယ်ဝဏ္ဏကွ" ဟု ကိုယ့်ကိုယ်ကို သရုပ်ဖော်လိုက်မှ ဆိုင်းဆရာများ တီးကွက်ပြောင်းကာ ဘီလူးဆိုင်း တီးပေးရ၏။ မင်းညီနောင်မယ်တော် မယ်ဝဏ္ဏဆိုသူက ဘီလူးက,က၍ မင်းလေးနှင့် မင်းကြီးက ရင်သည့်ရှေ့တွင် လက်ဝါးနှစ်ခုထပ်ကာ ရှိခိုးရင်း နောက်မှ ထိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ၍ မယ်ဝဏ္ဏာနှင့်မင်းကြီး ထွက်သွားသော်လည်း မင်းလေးမှာမထွက်ဘဲ ကုလားထိုင်ပေါ်၌ထိုင်ကာ လေဖော နေ၏။ အခြားနေရာများ၌ ပထမတန်းအရက်ကို အဝ သောက်ရသော်လည်း ယခု ဤနေရာ၌မူ အပေါစားအရက် သာရကြောင်း ညည်းညူနေ၏။ ကိုဒေါင်းစိန်ကား ဤမျှ လောက်သောက်ချင်လျှင် နတ်တို့၏တန်ခိုးဖြင့် ဘုံဆိုင်ထဲ သွားပြီး ဘာကြောင့် ခိုးမသောက်ပါလိမ့်ဟု စဉ်းစားနေ၏။

နေ့လယ်တစ်နာရီလောက်ရောက်မှ ၃၇ မင်းစေ့သွား တော့၏။ ဤတွင် ပဲခူးမောင်နှံများ ကျွဲဆွဲရတော့မည်ဖြစ် သဖြင့် မည်သူအရင်ဆွဲမည်နည်းဟု အချင်းချင်းတိုင်ပင် ညှိနှိုင်းကြရာ ကိုဒေါင်းစိန်တို့မောင်နှံစုံအရင်ဆွဲရန် သဘော တူညီချက်ရရှိကြ၏။ ဤတွင် ကိုဒေါင်းစိန်လည်း မြန်မြန် ပြီးချင်သည့်ဇောဖြင့် ဆိုင်းငံ့မနေဘဲ ငါးရံ့လှောင်ထားသော စည်ပိုင်းအထက်၌ သူစောစောက ဆွဲချိတ်ထားသော ကျွဲ ကျောင်းသားလက်သုံး တန်ဆာပလာများဖြစ်သည့် ကြိုး၊ ကြိမ်၊ ပုလွေ၊ ပက်ခွံငယ် ဘူးခါးရေဘူး၊ စတီပြုလုပ်ထား သော လော်တက်ကလေး၊ ခမောက်စသော ပစ္စည်းစုံများ ကို လှမ်းယူလိုက်၏။ အပျိုတော် ၇ ယောက်အတွက် ခေါ်ယူထားသော မိစုံဖစုံမိန်းကလေး ၇ ဦးသည် နတ် ကနားအတွင်း၌ ရှေ့တွင် ငှက်ပျောပွဲကိုယ်စီချကာ တန်းစီ ၍ ထိုင်နေကြ၏။ ငှက်ပျောပွဲထဲ၌ကား ငှက်ပျောတစ်ဖီး၊ ကောက်ညှင်းတစ်ထုပ်၊ မုန့်ဖြူ၊ မုန့်နီ၊ အုန်းသီးစိတ်၊ ကောက်ညှင်းပေါင်း၊ ဖယောင်းတိုင်တစ်တိုင်စီ ပါရှိ၏။ ထိုငှက်ပျောပွဲ၏ ရှေ့နား၌မူ ခေါင်ရေအမှတ်ဖြင့်သောက်ရန် ထန်းလျက်နှင့် မန်ကျည်းမှည့်ဖျော်ထားသော ဖျော်ရေများ ထည့်ထားသည့် မြေအိုးအသစ်ကလေး ၇ လုံးကို စီရရီချ ထားသည်။ ထိုမြေအိုးအထဲရှိ ဖျော်ရည်ကို ခေါင်ရည်အ မှတ်ဖြင့် ပါးစပ်နှင့် စုပ်သောက်ရန် သင်္ဘောပင်မှ အကိုင်း ကိုဖြတ်တောက် သန့်စင်ထားသည့် သင်္ဘောရိုးတစ်ခုစီ တပ်ထားသည်။ ဘိုးသူတော်ဘွဲ့ကို ခံယူထားသည့် လူတစ်ယောက်ကမူ အပျိုတော် ၇ ယောက်၏ထိပ်၌ ကုလားထိုင်ဖြင့် ထိုင်နေသည်။ နတ်ထိန်းဆရာကြီး၏ အမိန့်အရ ကိုဒေါင်းစိန်သည် စည်ပိုင်းထဲမှ ငါးရံ့ကြီး တစ်ကောင်ကို ဖမ်းယူလိုက်၏။ သူ့လက်တွင်း၌ ရုန်းကန် နေသော ငါးရံ့ကြီးအား ကျွဲအမှတ်ဖြင့် ပါးဟက်နှစ်ခုကို ခွ၍ လည်ပင်းကြိုး တပ်ချည်လိုက်၏။ နောက် ကြိုးတပ် ထားသော ဆန်ကောတစ်ချပ်တွင် ငါးရံ့ကိုထည့်ကာ ငါးရံ့ ၏ လည်ပင်းကြိုးနှင့် ဆန်ကော၌ တပ်ထားသောကြိုးကို ပူးတွဲချည်နှောင်ထားလိုက်၏။ ဤနည်းအားဖြင့် ငါးရံ့ သည် ဆန်ကောအပြင်သို့ ခုန်ထွက်ခြင်း မပြုနိုင်တော့ဘဲ စကောထဲတွင်သာ လူးလွန့်လူးလှုပ်ရှားနေ၏။ မုန့်နှစ်ဖြင့် ပြုလုပ်ထားသော ကျွဲရုပ်ကလေး တစ်ရုပ်ကိုလည်း လည် ပင်းကြိုးတပ်ချည်၍ ငါးရံ့၏ဘေး၌ ချထားသည်။ မယ်စိန်က ခမောက်ကလေးကိုဆောင်း၍ ညာ လက်တွင် ကြိမ်လုံးကို ကိုင်ထားရသည်။ ကိုဒေါင်းစိန်က တော့ ကြိုး ကြိမ် ပုလွေ ပက်ခွံငယ် ဘူးခါးရေဘူးကလေးများကို စတီပြုလုပ်ထားသော လော်တက်ကလေး၌ ကြိုးများဖြင့် ဆွဲချိတ်ကာ ဘယ်ဘက်ပခုံးထက်တွင် တင်ထမ်းထား၍ ညာလက်ကမူ ဆန်ကော၌တပ်ထားသော ကြိုး၏ အခြား တစ်ဘက်အစကို ဆွဲကိုင်ထားရသည်။ နောက် နတ်ထိန်း ဆရာကြီး၏ အမိန့်ဖြင့် အပျိုတော် ၇ ယောက်သည် ငှက်ပျောပွဲကိုယ်စီပင့်၍ ရှေ့နောက်အစဉ်လိုက်တန်းကာ နတ်ကနားပတ်လည်တစ်လျှောက် ရှေ့မှလျှောက်၍ ကို ဒေါင်းစိန်က ငါးရံ့နှင့် မုန့်နှစ်ကျွဲရုပ် ထည့်ထားသော ဆန်ကောမှ ကြိုးကို ကျွဲအမှတ်ဖြင့် ဆွဲ၍နောက်က လိုက်ရ ၏။ မယ်စိန်ကမူ ကြိမ်လုံးတစ်ချောင်းနှင့် ကျွဲအမှတ်ပြု လုပ်ထားသော ငါးရံ့ကို တို့၍တို့၍ မောင်းနှင်ရင်း နောက် ဆုံးမှ လိုက်ရ၏။ နတ်ထိန်းဆရာကြီးက ကြိမ်လုံးကိုင် ထားသော မယ်စိန်၏လက်ကို သူ့လက်နှင့်အုပ်ကိုင်ကာ ငါးရံ့၏ ကိုယ်ကိုတို့ပေးရင်း တလိုင်းဘာသာနှင့်တူသော ဘာသာစကားကို တိုင်ပေး၍ မယ်စိန်က လိုက်ဆိုရ၏။

ကိုဒေါင်းစိန်သည် ဆန်ကောမှကြိုးကိုဆွဲ၍ အပျို တော် ၇ ယောက်နောက်မှ လျှောက်လိုက်ရင်း သူ့အဖြစ်ကို သူတွေး၍ ရယ်ချင်နေ၏။ သို့သော် နတ်စိတ်ဆိုးမည်ကို စိုးရွံ့သည့်အတွက် သူမရယ်ဝံ့ရှာ။ နတ်ထိန်းဆရာကြီး သည် မည်သို့သော အဓိပ္ပာယ်နှင့် သည်လိုအထူးအဆန်း တွေ လျှောက်လုပ်ခိုင်းနေသည်ဆိုတာကိုတော့ သူမသိ။ သူသိတာကတော့ သူတို့ဇနီးမောင်နှံနှင့် ကျန်ရှိသော ရင်သွေး နှစ်ယောက်ကို နတ်က ထပ်မံဖမ်းဆီးသတ်ဖြတ် ခြင်းမပြုရန် နတ်ကနေရခြင်းဖြစ်သည်ဆိုတာကိုပဲ သူသိ သည်။ နတ်ကနားကို ၃ ပတ် ပတ်မိသောအခါ မြေအိုး အသစ်ကလေးနှင့် ထမင်းချက်နေသောနေရာ၌ ရပ်လိုက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ထိုနေရာ၌ နတ်ထိန်းဆရာကြီး၏ အမိန့်အရ မယ်စိန်အား အုပ်ထိန်းသူအကြီးအကဲဖြစ်သော မယ်စိန်၏ အစ်ကိုကြီးသည် ရပ်စောင့်နေရသည်။ မယ်စိန်၏မိဘ နှစ်ပါးမှာ ကွယ်လွန်ပြီဖြစ်၍ မယ်စိန်၏ အစ်ကိုကြီးက အုပ်ထိန်းသူအကြီးအကဲအဖြစ် ရပ်စောင့်နေရခြင်းဖြစ်သည်။ နတ်ထိန်းဆရာကြီး၏ သင်ပြပေးချက်အရ မယ်စိန်၏အစ်ကိုတော်သူက ကိုဒေါင်းစိန်အား "အမောင်ဘယ်က လာသလဲ" ဟု မေး လိုက်၏။ ကိုဒေါင်းစိန်ကလည်း နတ်ထိန်းဆရာကြီး သင်ပေးသလိုပင် "ပဲခူးမြို့က လာပါသည်။ ခင်ဗျားကျွဲကို မထိန်းနိုင် မကျောင်းနိုင်လို့ လာအပ်ပါသည်" ဟု ပြန်ဖြေလိုက်။ တစ်ဖန် မယ်စိန်၏ အစ်ကိုတော်က "ကောင်းပါပြီ ထမင်းစားသောက်ပြီးမှ ပြန်ပါ" ဟု ပြောလိုက်၍ ကိုဒေါင်းစိန်က "တစ်သက်တစ်ခါသာဖြစ်ပါစေ" ဟုပြောပြီး ခမောက် ကြိုး ကြိမ်စသော ကျွဲကျောင်းသားလက်သုံးတန်ဆာပလာများနှင့် ငါးရံ့ကျွဲကို မယ်စန်၏အစ်ကိုတော် လက်ထဲသို့ အပ်နှံလိုက်၏။ ဤတွင် အုပ်ထိန်းသူအကြီးအကဲအား အပ်နှံသော အခမ်းအနားသည် ပြီးဆုံးလေပြီ။ နတ်ထိန်းဆရာကြီးသည် မုန့်နှစ်ဖြင့်ပြုလုပ်ထားသော ကျွဲရုပ်ကလေးကို အရင်ယူလိုက်၍ စဉ်းတီတုံးပေါ် တင်လိုက်ကာ ကိုဒေါင်းစိန်အား ပုဆိန်အနောင့်နှင့် ၇ ချက်၊ အသွားနှင့် ၇ ချက် ခုတ်ပိုင်းမည့်ဟန်ရွယ်လိုက်စေ၏။ ကိုဒေါင်းစိန်ကလည်း နတ်ထိန်းဆရာကြီး၏ အမိန့်အတိုင်း လိုက်နာပြုလုပ်၏။ တစ်ဖန် ပုဆိန်ကိုပြန်ချ၍ ဓားမကြီးကို ယူလိုက်ပြန်ကာ အနောင့်နှင့် ၇ ချက်၊ အသွားနှင့် ၆ ချက်ရွယ်ပြီး ၇ ချက်မြောက်တွင် တကယ်ပင် ခုတ်ပိုင်းလိုက်တော့၏။ ကျွဲရုပ်ကလေးကား ခေါင်းတခြား ကိုယ်တခြားဖြစ်သွားလေပြီ။ တစ်ဖန် စောစောက ကျွဲအမှတ်ပြုလုပ်ခဲ့သော ငါးရံ့အရှင်ကို စဉ်းတီတုံးပေါ်တင်လိုက်ပြန်၍ ရှေးနည်းအတိုင်း ပုဆိန်အနောင့်နှင့် ၇ ချက်၊ အသွားနှင့် ၇ ချက် ရွယ်လိုက် ဓားမအနောင့်နှင့် ၇ ချက်၊ အသွားနှင့် ၆ ချက်ရွယ်လိုက်ပြန်ကာ ၇ ချက်မြောက်တွင် တအားကုန်ခုတ်ပိုင်းလိုက်တော့သည်။ တစ်ချက်တည်းနှင့် ထက်ပိုင်းမပြတ်လျှင် အထမမြောက် မအောင်မြင်ဟုအယူရှိကာ နောက်တစ်ကြိမ် ပြန်ကရတတ်သည်ဖြစ်၍ ကိုဒေါင်းစိန်သည် ရင်တထိတ်ထိတ်ဖြင့်ပင် အားရှိသမျှ ခုတ်ပိုင်းလိုက်ရ၏။ တစ်ချက်တည်းနှင့် ထက်ပိုင်းပြတ်သွား၍ သူ့အသက်ရှူချောင်သွား၏။

နောက် ခုတ်ပိုင်းထားသော ငါးရံ့ကို အကာစ် ၈ တစ်၊ မုန့်နှစ်ဖြင့်ပြုလုပ်ထားသော ကျွဲရုပ်ကလေးကိုလည်း အတစ် ၈ တစ်ပြုလုပ်၍ တံစို့ ၃ ချောင်းတွင် မျှ၍ထိုးသီ၏။ ပြီးလျှင် ကျပ်စင်ပုံသဏ္ဍာန် ဝါးများဖြင့် စတီပြုလုပ်ထားသော ကြိုဂံထောင့်ချွန်းပုံရှိသည့် ကျပ်စင်အသေးကလေးတွင် တံစို့များကို ကလန့်ထိုးတင်ကာ အောက်မှ မီးအနည်းငယ် တည့်ပေးပြီး "သွေ့ကြမယ်ဗျို့" ဟု အော်လိုက်၏။

ထမင်းဟင်းချက်သူများလက်သို့ ထိုငါးတစ်မုန့်နှစ်ကိုအပ်လိုက်ရာ ထိုသူများလည်း ယူ၍ ဟင်းချက်ရန် ပြင်ဆင်နေ၏။ ထိုသို့ ထမင်းဟင်း ချက်ပေးသူက ထမင်းဟင်းချက်သော မြေအိုးအသစ်ကလေးများနှင့် ချက်ပြုတ်၍ ပိုနေသော ဆန်၊ ဆီ၊ ငရုတ်စသည့် ပစ္စည်းများကို ပိုင်ဆိုင်သည်။ ထမင်းဟင်းများကျက်သောအခါ ထမင်းပွဲ ၇ ပွဲပြင်၍ ပုက်ပျောပွဲကိုယ်စီနှင့် ထိုင်နေသော အပျိုတော် ၇ ဦးရှေ့ရှိ ခေါင်ရေအိုး ၇ လုံးအနီး၌ ထမင်း ၇ ပွဲကို ခင်းကျင်းထားသည်။ ကိုဒေါင်းစိန်နှင့် မယ်စိန်တို့သည် ထိပ်ဆုံးမှ ထမင်းပွဲတွင် ဝင်ထိုင်၍ ထမင်းလက်ဆုံ စားကြ၏။ ကိုဒေါင်းစိန်က ထမင်းတစ်လုတ်နှင့် ငါးရံ့ဟင်းကာစ်ဖွဲ့စား လိုက်၍ နတ်ထိန်းဆရာကြီး သင်ပေးသည့်အတိုင်း 'တီ... မတီ' ဟု ဆိုလိုက်ရာ မယ်စိန်ကလည်း ထမင်းတစ်လုပ်နှင့် ဟင်းတစ်ဖွဲ့စားလိုက်ပြီးနောက် 'တီငန်းငန်း' ဟု ပြန်ပြောလိုက်ရ၏။ ထိုနည်းအတိုင်း ခေါင်ရည်အမှတ်ပြုလုပ်ထားသော အိုးသစ်ထဲမှဖျော်ရည်များကို သဘော်ရိုးဖြင့် တစ်ယောက်တစ်လှည့် စုပ်မျိုရင်း 'တီ...မတီ' 'တီငန်းငန်း' လုပ်ကြပြန်၏။ သည်ထမင်းပွဲပြီးလျှင် နောက်ထမင်းတစ်ပွဲသို့ ကူးပြန်၏။ သည်လိုနဲ့ နောက်တစ်ပွဲ၊ နောက်တစ်ပွဲ။

ထမင်းပွဲ ၇ ပွဲ စေ့သွားသောအခါ သူတို့ကျွဲနက်က,သော အခမ်းအနားမှာလည်း ပြီးဆုံးလေပြီ။ ဤတွင် ဖိုးသူတော်ဘွဲ့ကို ခံယူထားသောသူသည် အပျိုတော် ၇ ဦးထံ အလှူခံလိုက်ရာ အပျိုတော် ၇ ဦးကလည်း သူတို့ ပုက်ပျောပွဲထဲ၌ရှိသော ပစ္စည်းများအနက် အချို့အဝက်ကို ဖိုးသူတော်အား အသီးသီးပေးလှူလိုက်ကြရ၏။ အပျိုတော်လုပ်သူ မိန်းကလေး ၇ ဦးမှာ ပုက်ပျောပွဲအတွင်း၌ရှိသော ပစ္စည်းများကို ပိုင်ဆိုင်၍ ဖိုးသူတော်လုပ်သူက

www.burmeseclassic.com

www.burmeseclassic.com



လည်း အပျိုတော်များထံမှ အလှူခံရရှိသော ပစ္စည်းစုများကို အပိုင်ရရှိသည်။

နောက် လူတစ်ယောက်က ခွေးယောင်ဆောင်ကာ 'ဂူး...ပူး...' ဟု ဟောင်ရင်း ဖိုးသူတော်အား လိုက်ကိုက်ရ၏။ ဖိုးသူတော်၏ ခြေသလုံးကို ခွေးကိုက်မိသွားဟန်ဖြင့် ခြေသလုံးတွင် ကွမ်းစားထုံးအနည်းငယ် သုတ်ပေးလိုက်ရပြီးသည့်နောက် ကိုဒေါင်းစိန်တို့ ပဲခူးမောင်နှံအလှည့်သည် လုံးဝပြီးဆုံးလေပြီ။

ကိုဒေါင်းစိန်တို့စုံတွဲ ပြီးဆုံးသောအခါ မပြားကြီးနှင့် အငှားလင်တို့၏ အလှည့်ဖြစ်၏။ သို့သော် ကိုဒေါင်းစိန်သည် ရှေ့ရေးကိုတွေးကာ ရင်လေးပြီး စိတ်စက်မကောင်းလှသဖြင့် စောင့်ဆိုင်းကြည့်ရှုမနေတော့ဘဲ သူ့အိမ်ကလေးသို့ ပြန်လာခဲ့၏။

သူသည် သူ့အိမ်ကလေးပေါ်၌ ပက်လက်လှန်အိပ်၍ နဖူးပေါ်လက်တင်ကာ ဆင်ခြင်စဉ်းစား၏။ အတိတ်ကိုတွေး၏။ ပစ္စုပ္ပန်ကို ဆင်ခြင်၏။ အနာဂတ်ကို မျှော်မှန်းကြည့်၏။ အတိတ်မှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှတစ်ဆင့် အနာဂတ်ဆီသို့(ဝါ) မိုးဦးမှသည် မိုးနှောင်းဆီသို့ ထိုမှတစ်ဆင့် ရောက်လာဦးမည့် အနာဂတ်ဘဝသံသရာ ဝဲဂယက်အတွင်းဆီသို့ တွေးခေါ်ဆင်ခြင် မျှော်မှန်း။

သို့သော် သဘောတစ်ခုမှ ကြည်လင်ပြတ်သားစွာပေါ်လာခြင်းမရှိဘဲ အားလုံးမှုန်တဝါးဝါးနှင့် ထင်တရေးရေး၊ နောက်တော့ အမှောင်ကသာ ပိန်းပိတ်အောင် လွှမ်းခြုံသွားသည်။ သူသည် စိတ်ပျက်စွာဖြင့် သက်မကိုသာ ချလိုက်မိ၍ ဘာကိုမှ တွေးခေါ်ဆင်ခြင်မျှော်မှန်းခြင်းမပြုတော့ဘဲ ဖြစ်သလိုသာ နေသွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သူ ကာလကြာမြင့်စွာက မျှော်မှန်းတောင့်တခဲ့သော အရာများကား ရခဲလှစွာနှင့်ပင် ရရှိပိုင်ဆိုင်နိုင်ခဲ့ပါသော်လည်း ကြာရှည်စွာ လက်ခံထိန်းသိမ်းထားခြင်းမပြုနိုင်ဘဲ ချက်ချင်းပင် လက်လွှတ်ဆုံးရှုံးခဲ့ရပြန်သည့်အတွက် နောက်တွင်တော့ ဘာတစ်ခုကိုမှ မျှော်မှန်းတောင့်တခြင်းမပြုတော့ဘဲ ဘဝ၏ ရေစီးကြောင်းတွင် မျက်စိကို စုံမှိတ်၍ အလိုက်သင့် မျှောချလိုက်ရန်သာ ဆုံးဖြတ်လိုက်သည်။ ကျောက်ဆောင်နှင့်တိုက်မိပြီး ကြေမွပျက်စီးကာ ဝဲဂယက်အောက်ဝယ် နစ်မြုပ်ပျောက်ကွယ်သွားချင်လည်း သွားပါစေတော့။

ကိုဒေါင်းစိန်ကား အားလျှော့လေပြီ။

မှန်သည်။ သူတို့၏ ဘဝ၌ အလင်းရောင်ဟူသည်ကား မှောင်မည်းမည်းတွင် ထပြက်လိုက်သော လျှပ်တပြက်မျှသာဖြစ်၍ နောက်တွင်တော့ အမည်းနှင့်အမှောင်။ သုခဟူသည်မှာလည်း သမုဒ္ဒရာရေမျက်နှာထက် ခဏဟက်သည့် ရေပွက်ပမာသာဖြစ်၍ နောက်တွင်တော့ ဒုက္ခနှင့် သောကပရိဒေဝ။ ဤသည်ပင်လျှင် သူတို့၏ ဘဝသံသရာ။

❖

အတွဲ-၉၊ အမှတ်-၅၇၊ ၁၉၅၂၊ ဖေဖော်ဝါရီ၊
ရှုမဝမဂ္ဂဇင်း

BURMESE CLASSIC .com
www.burmeseclassic.com